တောင်ရှည်ကျေးရွာ

မြိတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ရှည်ကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	တောင်ရှည်ကျေးရွာ သယံဇာတပြမြေပုံ၊ မြို့တ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး	၉
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၂
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွေထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်

သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇန်နဝါရီလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


တောင်ရွာကြီးကျေးရွာ

မြိတ်မြို့နယ်

တောင်ရှည်ကျေးရွာ ကျေးရွာ သယ်ဇာတပြမြေပုံ၊ မြိတ်မြို့နယ်



တောင်ရှည်ကျေးရွာ Seasonal Calendar



တောင်ရှည်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောင်ရှည်ကျေးရွာသည် မြိတ်မြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး၊ အရှေ့ဘက်တွင်ပျဉ်ချောင်းကျေးရွာ၊ တောင်ဘက်တွင် မဇော်ကင်းတပ်ကျေးရွာ၊ အနောက်ဘက်တွင် ပြင်းတောင်ကျေးရွာ၊ တောင်ယာထဲကျေးရွာ၊ မြောက်ဘက်တွင် ပလုံးကျေးရွာတို့နှင့် ဆက်စပ်နေပါသည်။ တောင်ရှည်ကျေးရွာ၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း (၃.၅၈) ကျယ်ဝန်းပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် ပုလော-တနင်္သာရီကားလမ်းမကြီးဖြစ်သည့် မဇော-ပြင်ကြီးလမ်း တည်ရှိပါသည်။ တောင်ရှည်ကျေးရွာသည် ပထဝီဝင် အနေအထားအရ မြေပြန့်ဧရိယာ ပေါများပြီး၊ တောင်ကုန်း၊ တောင်တန်းများလည်းရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်ရှည်ကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုတွင် တည်ရှိပါသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ကျေးရွာတွင်မရှိသလောက် ရှားပါးပါသည်။ အခြားသော သတ္တု၊ ကျောက်၊ ခဲ စသည့်သယံဇာတတွင်းထွက်များမှာ အလွန်ပင်ရှားပါးလှပါသည်။ ထိုသို့သယံဇာတတွင်းထွက်များမရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စုတစ်စုချင်းစီ၏ဝင်ငွေဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အစစအရာရာနှောင့်နှေးနေပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တောင်ရှည်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၇၃) အိမ်ရှိပြီး လူဦးရေပေါင်း (၁၃၃၀)ဦး ရှိပါသည်။ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့် ရှိပါသည်။ ကျေးရွာ၏ လူမှုရေး၊ပညာရေး၊ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်းဆက်သွယ် ဆောင်ရွက်မှုအားနည်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တောင်ရှည်ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် (Vission Fund, Korea Hanar and Unicef) အဖွဲ့အစည်းများရှိပါသည်။ အသေးစားငွေချေးလုပ်ငန်းနှင့်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ကိုင်နေပါသည်။ အခြားသော သက်ဆိုင်ရာ ကဏ္ဍများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများ/ ပြည်တွင်း/ ပြည်ပ ကူညီရေးအဖွဲ့များအား ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က)သီးနှံ စိုက်ပျိုးရေး

တောင်ရှည်ကျေးရွာတွင် လယ်မြေ (၆၂၁.၆၈) ဧက၊ တောင်ယာမြေ (.၂) ဧက၊ ဥယျာဉ်ခြံမြေ (၁၆၅.၇၅)ဧက၊ခနိတောမြေ(၅၉)ဧကနှင့် ကျေးရွာပိုင်စားကျက်မြေဧက(၈၀၀) ကျော်ရှိပါသည်။ တောင်သူငယ်နှင့် တောင်သူလတ် များပြားပြီး (၁၂.၅) ဧက အထက်ရှိ တောင်သူကြီး (၁၇) ဦး အထိရှိ၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမှာ ကျေးရွာရှိ စုစုပေါင်းအိမ်ထောင်စု၏ (၅၀.၉၁%) သာ ရှိပါသည်။

တောင်ရှည်ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးပြီး၊ခနိဖက်လုပ်ငန်းနှင့် ပျားကျို သည့်လုပ်ငန်းကိုတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပါသည်။ မြေဆီလွှာမကောင်းခြင်း၊ ငွေကြေး မလုံလောက်ခြင်း၊ ဓာတ်မြေဩဇာ လုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ ကျေးရွာအတွင်း ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးခြင်း၊ စနစ်ကျသော စိုက်ပျိုးရေး နည်းပညာများသိရှိမှုနည်းပါးခြင်းတို့ကြောင့်အထွက်နှုန်း နည်းပါးပါသည်။ ဆင်းရဲသား တောင်သူအများစုသည် ထွန်ယက်ချိန်နှင့် ရိတ်သိမ်းချိန်တွင် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းလုပ်ကိုင်ကြပြီး အချိန်မီပြီးစီးအောင် လုပ်ဆောင်ရသည့်အတွက် အလုပ် မတွင်ခြင်းများ ကြုံတွေ့နေရပါသည်။

ကျေးရွာအခြေအနေသည် မိုးများသောဒေသဖြစ်ပြီး လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့် အခြေအနေတွင်ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ မြေဆီလွှာ မကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံအထွက်နှုန်းနည်းပါးမှုများ ကြုံတွေ့နေရသဖြင့်စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး သင်တန်းများလိုအပ်နေပါသည်။

တောင်ရှည်ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေဆီဩဇာ မကောင်းခြင်း၊ နည်းပညာဗဟုသုတ အားနည်းခြင်း၊ စိုက်ပျိုးရေအရင်းအမြစ်မှာ မိုးရေကိုသာ အားထားရခြင်းနှင့် ကောင်းမွန်သော သီးနှံမျိုးစေ့များ အလွယ်တကူ မရရှိခြင်း၊ အတိုးနှုန်းသက်သာသောချေးငွေများအလွယ်တကူမရရှိခြင်း၊စိုက်ပျိုးရေးထွက်ကုန်များကိုဈေး နှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်း စသည်တို့ ရှိပါသည်။ စိုက်ပျိုးရေး နည်းပညာပေး

သင်တန်း၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းလမ်းများ၊ ဟောပြောပွဲများ၊ ကာလရှည် ချေးငွေများလိုအပ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း

တောင်ရှည်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၈၅) အိမ်ရှိပြီး၊ နွားကောင်ရေ (၂၆၄) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၂၀) စုမှ (၇၅) ကောင်၊ အိမ်ထောင်စု (၅၇) အိမ်မှ ဝက် (၅၉) ကောင်၊ အိမ်ထောင်စု (၂၁၄) အိမ်မှ ကြက် (၂၇၇၀) ကောင်၊ အိမ်ထောင်စု (၉၀) အိမ်မှ ဘဲ (၆၅၄) ကောင် ၊အိမ်ထောင်စု (၁၄) အိမ်မှ ဆိတ် (၅၁) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူလိုကြသော်လည်းဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြပါသည်။

တောင်ရှည်ကျေးရွာတွင် ကျေးရွာပိုင်စားကျက်မြေ(၈ကဧ၀၀ကျော်)နှင့် ရေ အသင့်အတင့် ရှိပါသည်။ မြိတ်မြို့နှင့်ကျေးရွာသို့နေ့တိုင်းသွားလာနေသည့် မော်တော်ကားများ ရှိသည့်အတွက် မွေးမြူရေး အစာ၊ ဆေးများ၊ မျိုးကောင်းတိရစ္ဆာန်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ ထုတ်ကုန်များ ရောင်းချရန်နေရာမှာ အတော်အသင့် အဆင်ပြေပါသည်။

တောင်ရှည်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေအလွယ်တကူ မရရှိနိုင်ပေ။ မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများလည်း အလွယ်တကူ မရရှိဘဲ စီးပွားဖြစ်မွေးမြူနည်းဆိုင်ရာများကို သိရှိခွင့်ရရှိရန်သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

တောင်ရှည်ကျေးရွာတွင် ငါးလုပ်ငန်းနှင့်ပတ်သက်၍ အသက်မွေးလုပ်ကိုင်နေသူများနှင့် မြိတ်မြို့တွင် လုပ်သားအနေဖြင့် လေ့လိုက်နေသော အိမ်ထောင်စု(၁၃)အိမ် ရှိပါသည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တောင်ရှည်ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးအခစိုက်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ရှမ်းပြည် (ထိုင်းနိုင်ငံ) သို့သွားရောက်လုပ်ကိုင်လေ့ရှိသည်။ လုပ်အားခများကို အိမ်တွင် ကျန်ခဲ့သော မိသားစုများထံပို့၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ အကယ်၍ ငွေပို့မှုနောက်ကျပါက (သို့) မလုံလောက်ပါက ငွေတိုးချေးသူများထံမှ ချေးယူ၍ စားဝတ်နေရေးကိုဖြေရှင်းကြရသည်။ ဘွဲ့ရအများစုမှာ ဒေသတွင်ပြန်လည်အခြေချသူထက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူ များပြားပါသည်။ ပြည်ပ (ထိုင်းနိုင်ငံ)သို့

သွားရောက်လုပ်ကိုင်ခြင်းမဟုတ်လျှင် ဒေသအတွင်းတွင် ဝန်ထမ်းလုပ်သူနှင့် မိဘလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြပါသည်။

တောင်ရှည်ကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့်အတွက် သက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ လိုအပ်ခြင်း၊ အရင်းအနှီးငွေများလိုအပ်ခြင်း၊ ကာလရှည်ချေးငွေ လိုအပ်ခြင်များ၊ ကျေးရွာတွင် လျှပ်စစ်မီးမရှိသည့်အတွက် လုံခြုံရေး၊ ပညာရေးစသည့်လူမှုရေးကိစ္စများတွင် အရာရာနှောင့်နှေးနေပါသည်။

(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ ခနီဖက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်(၂၀)မိုင်ခန့်ကွာဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

(င)ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ရှည်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်မှုများရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်နှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေးမျိုးများထံမှ ချေးယူကြပြီး ဘဏ်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထို့ကြောင့်ကာလရှည်ချေးငွေများ ချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံ နိုင်လာမည် ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က)ကျေးလက် သယ်ယူပို့ဆောင်ရေး

တောင်ရှည်ကျေးရွာတွင် ပင်လယ်မြစ်ကြောင်းနှင့်ပင်လယ်ရေကြောင်းပို့ဆောင်ရေးကိုအသုံးပြုသည့်အိမ်ထောင်စုများသည် ရေလုပ်ငန်းလုပ်ကိုင်သည့်အတွက် စက်လှေနှင့် သမ္ဘာန်ကိုအသုံးပြုကြပါသည်။ စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သောသွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင်

အသုံးပြုကြပါသည်။ လှေ(၁၅)စီး၊ စက်လှေ(၁၆)စီး၊ စက်ဘီး(၁၁)စီး၊ ဆိုင်ကယ်စီးရေ (၇၁) စီး၊ ထော်လာကျီ (၁၆) စီးနှင့် ကား (၄) စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးကို ၎င်းတို့အား အဓိကထား၍ အသုံးပြုကြပါသည်။

တောင်ရှည်ကျေးရွာတွင် ကျေးရွာတွင်းလမ်း မြေသားလမ်း(၇)လမ်းနှင့် ကျေးရွာ ချင်းဆက်လမ်း(၁)လမ်းရှိပါသည်။ မိုးရာသီတွင်ရေကြီးပြီး ဗွက်ထခြင်းများရှိသဖြင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကိစ္စအဖက်ဖက်မှ သွားလာရခက်ခဲနေပါသည်။ တောင်ရှည်ကျေးရွာကုန်ထုတ်လမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖောက်လုပ်ပေးလျက်ရှိပါသည်။ ကျေးရွာတွင်တံတား(၂)စင်းရှိပါသည်။ ကျေးရွာအဝင် တံတားနှင့် မဇ္ဈောချောင်းတံတားဖြစ်ပါသည်။ ကျေးရွာအဝင်ကွန်ကရစ်တံတားကို ကျေးလက်လမ်း ဦးစီးဌာနမှ တည်ဆောက်ပေးလျက်ရှိပါသည်။

(ခ)ကျေးရွာ မီးလင်းရေး

တောင်ရှည်ကျေးရွာတွင် ကျေးရွာမီးလင်းရေးအနေဖြင့် ဆိုလာမီးသုံးစွဲမှုအိမ်ခြေမှာ (၂၂၁)အိမ်ရှိ၍ ဒီဇယ်အင်ဂျင်မီးသုံးစွဲသည့်အိမ်(၂)အိမ်နှင့် ကျန်ရှိသည့်အိမ်များမှာ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးခွက် သုံးစွဲလျက်ရှိနေပါသည်။ လျှပ်စစ်မီး ရရှိပါ ကကျေးရွာအတွင်း ကျောင်းသားများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

(ဂ)သတင်းနှင့် ဆက်သွယ်ရေး

တောင်ရှည်ကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၇၂) လုံး၊ ရေဒီယို (၁၃) လုံး၊ တီဗွီ (၇၅) လုံး၊ ဂြိုလ်တုစလောင်း (၆၈) လုံး စသည်တို့မှ ရရှိသည့်အပြင်တစ်ရွာလုံးဖုန်းလိုင်းမိသောအခြေအနေ မရှိဘဲ တစ်ချို့နေရာတွင်သာ ဖုန်းလိုင်း အဆက်အသွယ်ရပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရနေးပါသည်။ လျှပ်စစ်မီးမရရှိသေးသည့်အတွက် ဖုန်းများကို အားသွင်းရန်အခက်အခဲရှိနေပြီး သတင်းများကို အချိန်မီ မသိရှိနိုင်သည့် အခက်အခဲများလည်းရှိနေပါသည်။

၆။ ပညာရေး

တောင်ရှည်ကျေးရွာတွင် ကျေးရွာတစ်ရွာလုံးနီးပါး စာတတ်မြောက်ကြပြီး စာမတတ်သည့် ကျေးရွာသူ/သားများမှာ အသက်ကြီးပိုင်း (၂၀)ဦးရှိပါသည်။ ဘွဲ့ရဦးရေမှာလည်း

အတော်အသင့် တိုးတက်လာပြီ ဖြစ်ပါသည်။ ယခုလက်ရှိပညာသင်ကြားနေသော လူဦးရေမှာ (၂၁၄) ဦးရှိပြီး အမျိုးသမီးဦးရေ ပိုများပါသည်။

တောင်ရှည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းခြံစည်းရိုး ကာရံရန်လိုအပ်ခြင်း၊ ကျောင်းသုံးပရိဘောဂများ မလုံလောက်ခြင်း၊ ကျောင်းအားကစား ကွင်းတစ်ခုတည်ဆောက်ခြင်းနှင့် အားကစားပစ္စည်းများဖြည့်တင်းခြင်း စသည်တို့ လိုအပ်နေပါသည်။

ကျေးရွာတွင် ကျောင်းဆရာ/ဆရာမ လုံလောက်မှု မရှိပါ။ မူလတန်းအဆင့် ကျောင်းထွက်နှုန်း မရှိပါ။ဆင်းရဲသော အိမ်ထောင်စုများအတွက်မူ ကျောင်းသုံးကိရိယာနှင့် စာအုပ်များ မလုံလောက်ပေ။ အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု အားနည်းပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

တောင်ရှည်ကျေးရွာတွင် သွေးတိုးရောဂါအဖြစ်များပြီး သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ ဝမ်းပျက်ဝမ်းလျှောနှင့် အသည်းရောဂါ(ဘီ၊ စီ) စသည့်ရောဂါများ အနည်းအကျဉ်းဖြစ်ပွားလျက်ရှိပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်လျက်ရှိသော်လည်း အဆုတ်ရောဂါ၊ အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေးအစီအစဉ်များနှင့် ပတ်သက်၍ လစဉ်ပြုလုပ်ပေးလေ့ မရှိပေ။

တောင်ရှည်ကျေးရွာတွင် ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးကုသမှု ခံယူရပါသည်။ ဆေးပေးခန်းအား အဆင့်မြှင့်တင်ရန်လိုအပ်လျက်ရှိပါသည်။ ကျေးရွာအတွင်း ကုန်စုံဆိုင်များတွင် သာမာန်ရောဂါများအတွက် ဆေးဝါးများ ဝယ်ယူရရှိနိုင်ပါသည်။ ရောဂါပြင်းထန်သည့်လူနာများသည် မြိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြပါသည်။

တောင်ရှည်ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၄၃) တွင်းနှင့် အဝီစိတွင်း (၉) တွင်းသာရှိပါသည်။ ထိုရေတွင်းများကို တစ်ရွာလုံး မှီခိုသုံးစွဲကြပါသည်။ အဝိစိတွင်းများမှာလည်းရေထွက်ရှိမှုနည်းပါသည်။ မိုးရာသီတွင် သောက်သုံးရေလုံလောက်သော်လည်း နွေရာသီတွင် မလုံလောက်သည့် အခက်အခဲများရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အဝိစိတွင်းတူးဖော်၍ ကျေးရွာတစ်ရွာလုံးအိမ်သွယ်ရေတိုင်စနစ် ထူထောင်လိုကြပါသည်။ ကျေးရွာတွင် စိမ့်စမ်းရေအရင်းအမြစ်ရှိသော်လည်း ငွေကြေးမတတ်နိုင်သည့် အတွက် ရေပိုက်သွယ်တန်း အသုံးပြုနိုင်ခြင်းမရှိပါ။ မိုးရာသီတွင် သောက်သုံးရေ လုံလောက်သော်လည်း နွေရာသီတွင် မလုံလောက်သည့် အခက်အခဲများ ရှိပါသည်။

တောင်ရှည်ကျေးရွာတွင် သန့်ရှင်းသောအိမ်သာ အသုံးပြုသည့် အိမ်ထောင်စု (၂၀၄)အိမ်ရှိပြီး မသန့်ရှင်းသော အိမ်သာသုံးစွဲမှု(၆၅)အိမ်ရှိပါသည်။ ကျေးရွာသူ/သား များအတွက် ဝမ်းရောဂါနှင့်ပတ်သက်သော ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တောင်ရှည်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအတွက် ကြိုတင် အစီအစဉ်များ ရေးဆွဲထားခြင်းမရှိပါ။ ၁၉၉၆ခုနှစ်တွင်လေပြင်းတိုက်ခတ်ခြင်းကြောင့် လူနေအိမ်(၁၀)အိမ်ပြိုကျပျက်စီးမှုများရှိပြီးလူ(၂)ဦးသေဆုံးခဲ့ဖူးပါသည်။ ၁၉၉၃-၁၉၉၄ခုနှစ် တွင် သောင်းကျန်းသူ(ကရင်+မွန်)လက်နက်ကြီးပစ်ခတ်မှုရှိခဲ့ပါသည်။ ထိုပစ်ခတ်မှုကြောင့် ကျေးရွာတွင် တိရိစ္ဆာန်များဆုံးရှုံးခဲ့ရပါသည်။ မှုခင်းများကာကွယ် တားဆီးလျော့ချရေး အတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုများပေးခြင်းရှိပါသည်။ အသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ်နေပါသည်။

သို့ရာတွင် မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများ ဖြစ်ပေါ်လျက် ရှိပါသည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့် အုပ်စုမှာ (၃၀%) ခန့် ရှိနိုင်ပါသည်။ အမျိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်မှု အားနည်းလျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသားများသည် ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တောင်ရှည်ကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေနှင့် အတူတူပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာ သည် ပိုမိုတိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုး သမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - တောင်ရှည်			ကျေးရွာအမည် - တောင်ရှည်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်း အဝေးတွင် ဖော်ထုတ်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်းသင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ် ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၈	စိုက်ပျိုးရေး		ချောင်းမြောင်းတူးဖော်ရန်လိုအပ်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန်ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်၊ မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၃	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	

ကျေးရွာအုပ်စုအမည် - တောင်ရှည်			ကျေးရွာအမည် - တောင်ရှည်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
	လုပ်ငန်းများဆိုင်ရာ			
၁၄	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၅	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၆	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရန် ချိတ်ဆက်တင်ပြခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	အားကစားကွင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၉	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများ ပြည့်စုံစွာ ရရှိအောင်တင်ပြ တောင်းခံခြင်း။	
၂၀	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၂၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အုပ်ချုပ်ရေးမှူးရုံးသွားလမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း။(၂၀၀၀ပေ)	
၂၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဗုဒ္ဓဘာသာသုသန်သွားလမ်းအားကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း။(၂၈၀၀ပေ)	
၂၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရှေးဟောင်းသိမ်သွားလမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း။(၂၅၂၉ပေ)	
၂၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	တောင်ရှည်ရေကန်လမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း(၈၀၀ပေ)	
၂၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ခတ္တာလမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း။(၁၄၀၀ပေ)	
၂၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	စံပယ်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း။(၈၀၀ပေ)	
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	တောင်ရှည်-တောင်ညို ရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း(၅၆၈၀ပေ)	
၂၈	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းတူးဖော်၍ အိမ်သွယ်ရေတိုင်စနစ်ထူထောင်ခြင်း။	
၂၉	အခြေခံအဆောက်အဦ	သောက်သုံးရေ	ဘဲခက်ရေကန်ပြန်လည်ပြုပြင်ခြင်း	
၃၀	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက	

ကျေးရွာအုပ်စုအမည် - တောင်ရှည်			ကျေးရွာအမည် - တောင်ရှည်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
			လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။	
၃၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။	
၃၂	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၃၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	နွေရာသီအားကစား ရက်တိုသင်တန်းများ စီစဉ်ပေးခြင်း။	
၃၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	စာပေဟောပြောပွဲများ ကျင်းပပေးခြင်း။	
၃၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အားကစား၊ စာပေ၊ စာရိတ္တ၊ လူမှုရေးစွမ်းဆောင်မှုများ အတွက် ဂုဏ်ပြုပွဲများ ကျင်းပခြင်း၊	
၃၆	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အရက်၊ မူးယစ်ဆေးကင်းစင် ကျေးရွာဖြစ်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်း၊ (ရောင်းသူ၊ သုံးသူ ပညာပေး၊ ဥပဒေအရ တားဆီးအရေးယူ)	
၃၇	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၃၈	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း။	
၃၉	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	

နောက်ဆက်တွဲ (၁)

တောင်ရှည်ကျေးရွာ၊ တောင်ရှည်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကုဋ္ဌေထွန်း	ဦးအာလီ	ဖ/မအရ(နိုင်)၀၈၂၃၁၆	၅၂	ဥက္ကဋ္ဌ	၀၉၂၅၄၄၆၆၇၀၄
၂	ဦးခင်ဇော်	ဦးဖေရီ	ဖ/မအရ(နိုင်)၀၉၂၈၁၀	၄၆	အတွင်းရေးမှူး	၀၉၂၅၀၂၄၅၅၉၅၂
၃	ဒေါ်အုန်းတင်	ဦးသားမဲ	ဖ/မအရ(နိုင်)၀၁၂၈၉၀	၆၂	ဘဏ္ဍာရေးမှူး	၀၉၄၅၂၂၀၄၅၅၇၂၇
၄	ဒေါ်ညွန့်	ဦးကြွယ်	ဖ/မအရ(နိုင်)၀၁၂၈၄၄	၆၄	စာရင်းကိုင်	-
၅	ဦးမျိုးမူ	ဦးသီး	ဖ/မအရ(နိုင်)၀၁၂၆၀၅	၅၁	အဖွဲ့ဝင်	၀၉၄၅၅၈၆၃၄၀၁၆
၆	ဦးတင်ဦးလွင်	ဦးတင်ညွန့်	ဖ/မအရ(နိုင်)၀၁၃၇၉၅	၆၃	အဖွဲ့ဝင်	၀၉၄၅၅၃၆၂၃၉၉၅
၇	ဒေါ်အုန်းကြည်	ဦးဘသိန်း	-	၆၂	အဖွဲ့ဝင်	-
၈	ဦးပေါ်လွင်	ဦးမြလှိုင်	ဖ/မအရ(နိုင်)၁၀၆၀၃၄	၄၆	နာ.ယ.က	၀၉၂၅၀၈၃၈၂၃၃၆
၉	ဦးခင်မောင်သန်း	ဦးတင်ညွန့်	ဖ/မအရ(နိုင်)၀၁၂၇၂၃	၆၂	နာ.ယ.က	၀၉၂၆၄၂၁၁၀၆၆

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၇	၇	၂၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၉	၃၄	၇၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၀	၅၉	၁၁၉
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၈	၇၂	၁၄၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၃၀	၄၃၄	၈၆၄
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၅၁	၅၉	၁၁၀
စုစုပေါင်း		**၆၆၅**	**၆၆၅**	**၁၃၃၀**
စုစုပေါင်း အိမ်ထောင်စု		**၂၇၃**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ တောင်ရွာကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၇၃) အိမ်ရှိပြီး လူဦးရေပေါင်း(၁၃၃၀)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၈%)၊ ငါးနှစ်အောက် ကလေးအရွယ် (၈.၉၅%)၊ မူလတန်းကျောင်းသားအရွယ် (၁၀.၅၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၆၄.၉၇%)၊ သက်ကြီးရွယ်ကြီးအရွယ် (၈.၂၇%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၅.၀၄%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၅၂)ဦး၊ မ(၂၅၅)ဦး စုစုပေါင်း(၅၀၇)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၉.၃၅%)ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ အဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄၃	၁၈၃	၂၀	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၆	၆	၁၇	မြင့်□လတ်☑နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၁၂	-	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၃၄	မြင့်□လတ်□နိမ့်☑
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၆	၇	၁၂	မြင့်□လတ်□နိမ့်☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃		မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၈	၂	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း			၃	မြင့်□လတ်□နိမ့်☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂	၃	၂	မြင့်□လတ်□နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၉၁	၁၀၃	၅၄	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၂၇၃			☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တောင်ရှည်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက ဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သည့်အိမ်ထောင်စုများပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လေ့လိုက်သူအိမ်ထောင်စု(၁၃) အိမ်ရှိပြီးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၈) အိမ်ထောင်စု နှင့် သစ်ထုတ်လုပ်သည့်အိမ်ထောင်စု(၁)စုရှိပါ သည်။ အခြားအိမ်ထောင်စုများမှာ အမျိုးအမည် မဖော်ပြနိုင်သောလုပ်ငန်းများ၊ ပန်းရံလုပ်သားများ၊ အပ်ချုပ်စက်ဖြင့် အသက်မွေးသူ၊ ပညာရေးဝန်ထမ်းရှိပြီး ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	-	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လယ်စိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများမှာ

တစ်နေ့တွင် အမျိုးသား(၆,၀၀၀) ကျပ်၊ အမျိုးသမီး(၄,၀၀၀) ကျပ်ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၁၅,၀၀၀)၊ အမျိုးသမီး (၄,၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းသည့်အတွက် ကျပန်းလုပ်ကိုင်ရသည့် လူအများအပြား ရှိနေပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၂၁.၆၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	.၂၀	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၆၅.၇၅	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	၅၉	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ	၂	ကောင်း ☐	သင့်☐	ညံ့ ☑
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၈၄၈.၆၃**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့်မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တောင်ရှည်ကျေးရွာတွင် လယ်နှင့် ဥယျာဉ်ခြံလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး လယ်မြေမှာ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ကြပါသည်။ လယ်စိုက်ပျိုးခြင်းကို အဓိကထား လုပ်ကိုင်ကြပြီး ကွမ်းသီးနှင့်ရာသီစာသီးနှံ(အပင်နု)များကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ လယ်ယာမြေများတွင် ဆားငန်ရေဝင်ရောက်မှုရှိခြင်း၊ တစ်ခါတစ်ရံမိုးရွာသွန်းမှုများသည့်အချိန်တွင် ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ချောင်းကောမြောင်းကောတူးဖော်ရန်နှင့် ရာသီအလိုက် ပိုးမွှားရောဂါ ကျရောက်ခြင်းများ ရှိသည့်အတွက် နည်းပညာပေးသင်တန်းများ ချိတ်ဆက်ပြုလုပ်ရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ ☑

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်မျက် စသည်။)		
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောင်ရှည်ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး ကျောက်၊ သဲ၊ ကျောက်စရစ်၊ သဘာဝအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ စသည်တို့ အနည်းငယ် တွေ့ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း:			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၇	၅၆	၁၆၈	၂၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်ရှည်ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု၏ (၉.၈၉%)သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၂၀.၅၁%) ရှိပြီး စိုက်ပျိုးရေး နှင့်တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် ရာသီအလိုက်ကျပန်းလုပ်ငန်းများဖြင့် အသက်မွေး

လုပ်ငန်းလုပ်ကိုင်ကြသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၈	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၂၈_____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၉	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= ___၂၉_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။တောင်ရွာကျေးရွာတွင် ၃လမှ၆လကြားဝမ်းစာဖူလုံမှု ရှိသည့် အိမ်ထောင်စု(၂၈)စုသည် အတိုးနှုန်းကြီးစွာဖြင့်ချေးယူ၍ စားဝတ်နေရေးကိုဖြေရှင်းနေကြရပြီး ၆လမှ ၁၂လအထိဝမ်းစာဖူလုံမှု ရှိသည့်အိမ်ထောင်စု(၂၉)စုသည် လုပ်အားခကြိုယူ၍ မိသားစုစားဝတ်နေ ရေးကိုဖြေရှင်းကြရပါသည်။

(ဂ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၃	၅	၈
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

လေ့လာတွေ့ရှိချက်။ ။တောင်ရှည်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်(၈)ဦးရှိသည့်အတွက်ကျေးရွာမှဝိုင်းဝန်းထောက်ပံ့၍ ကူညီဆောင်ရွက်နေကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐လတ် ☐နိမ့် ☑မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၆	မုန်တိုင်း	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၇	ငလျင်	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၈	မီးဘေး	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐လတ် ☑နိမ့် ☐မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐လတ် ☐နိမ့် ☑မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐လတ် ☐နိမ့် ☑မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☑လတ် ☐နိမ့် ☐မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐လတ် ☐နိမ့် ☐မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ရှည်ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံမှုမှာ သင့်တင့်သော အနေအထားတွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့်ကျေးရွာ ဖြစ်ပါသည်။ ရွာပိုင်မြေ(၁၀)ဧကနှင့်စားကျက်မြေ (၈၀၀)ဧကကျော်ရှိသော်လည်း သဘာဝအရင်းအမြစ် စိုက်ပျိုးမြေတိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း များမရှိပါ။ တစ်ခါတစ်ရံ မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးခြင်း ဖြစ်ပေါ်လျက်ရှိပါသည်။ ဆားငန်ရေဝင်ရောက်မှု အနည်းငယ်ရှိပါသည်။ ၁၉၉၆ခုနှစ်တွင် မိုးသက်လေပြင်းကျရောက်၍ နေအိမ်(၁၀)အိမ်ပြိုကျပျက်စီးလျက်ရှိပြီး မိသားစု(၂)ဦး သေဆုံးခဲ့ဖူးပါသည်။တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားမှုမြင့်မားသည့်

အတွက် မွေး/ကုဉီးစီးဌာနမှ ဆရာဝန်များနှင့်ချိတ်ဆက်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင်းရှိ လမ်းသည် မိုးရာသီတွင်သွားလာရခက်ခဲပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့်☑မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် □နိမ့်☑မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑လတ် □နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် ☑နိမ့်□မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်☑မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် ☑နိမ့်□မရှိ □
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်☑မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်☑မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

